KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**
၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက် / KHRG မှတ်တမ်းလွှာအမှတ် # 18-126-I1

---

# ***မြိတ်-ထားဝယ်ခရိုင်မှုခင်းဆိုင်ရာမှတ်တမ်းလွှာ:*** လယ်မူလားမြို့နယ်အတွင်း အလင်းရောင်ကုမ္ပဏီမှ မြေယာသိမ်းဆည်းမှု (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ)

---

*၂၀၀၄ခုနှစ်တွင် ဝ---ကျေးရွာရှိ မြေယာဧကပေါင်း ၄၅၀ဧကကို တနင်္သာရီအလင်းရောင်ကုမ္ပဏီမှ အဓမ္မသိမ်းဆည်းခဲ့ပြီး နောက် ဝ---ကျေးရွာသားများသည် ၎င်းတို့၏ကျေးရွာမှ ရွှေ့ပြောင်းခံခဲ့ရသည်။ ၎င်းကုမ္ပဏီ၏ပိုင်ရှင်သည် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ဒေသခံလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို၏အမျိုးသားဖြစ်သည်။ အဆိုပါဒေသခံရွာသား များသည် ၂၀၁၇ခုနှစ်တွင် မိမိတို့၏ကျေးရွာသို့ ပြန်လည်နေထိုင်ခွင့်ရရှိခဲ့သည်။ သို့သော် ပြန်လည်အခြေချနေထိုင်ရန် အတွက် မြေဧက ၁၅၀ဧကကိုသာ အသုံးပြုခွင့်ရခဲ့သည်။ ယခုအချိန်တွင် ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများနှင့် ဆင်းရဲနွမ်းပါးသည့် နေထိုင်မှုအခြေအနေများနှင့်ရင်ဆိုင်နေကြရသည်။*

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | ပုဂ္ဂလိကကုမ္ပဏီမှ မြေယာသိမ်းဆည်းမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | - |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | **ဝ---ကျေးရွာ၊ အ---ဒေသ၊ လယ်မူလားမြို့နယ်၊ မြိတ်-ထားဝယ်ခရိုင်** |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| ***အမည်*** | စောဖ--- |
| **အသက်** | ၇၃နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | ကျပန်းအလုပ်သမား |
| **ကိုးကွယ်သည့် ဘာသာ** | ခရစ်ယာန် |
| **ရာထူးအဆင့်** | - |
| **နေရပ် ရွာအမည်** | ဝ---ကျေးရွာ |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| ဦးအောင်လင်း (ငလင်း) | ကုမ္ပဏီပိုင်ရှင် | တနင်္သာရီအလင်းရောင် ကုမ္ပဏီ | ထားဝယ် | - |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ဤအကြောင်းအရာကို အ---ဒေသမှ ဒေသခံတစ်ဦးထံမှ ကျွန်တော် (KHRG သတင်းစုဆောင်းသူ) ရရှိခဲ့သည်။ ထို့နောက် ဝ---ကျေးရွာရှိ မြေယာသိမ်းဆည်းခံရသည့် ထိခိုက်နစ်နာသူခြောက်ဦးနှင့် တွေ့ဆုံခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၄င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအကြောင်းအရာအရင်းအမြစ်ကို မြေယာသိမ်းဆည်းခံရသူများထံမှ ရရှိခြင်းဖြစ်သည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၁၉၉၅ခုနှစ်တွင် ဝ---ကျေးရွာရှိ ရွာသားများသည် လက်နက်ကိုင်ပဋိပက္ခကြောင့် အ---ကျေးရွာသို့ အတင်းအဓမ္မရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ထိုနှစ်တွင် ဒေသခံရွာသားဆယ်ဦးကျော်သည် တပ်မတော်အတွက် ပေါ်တာအဖြစ် အတင်းအဓမ္မခိုင်းစေခံနေရစဉ်အတွင်း အသတ်ခံခဲ့ရသည်။ ထိုအတွက်ကြောင့် အခြားရွာသားများသည် ၎င်းတို့ရွာအား စွန့်ခွာ၍ တိမ်းရှောင်ခဲ့ရသည်။ ၂၀၀၂ခုနှစ်တွင် ဒေသခံရွာသားများသည် ဝ---ကျေးရွာသို့ မပြန်ခင် ၁၉၉၆ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ ၎င်းတို့သည် တဖန် ဟ---ကျေးရွာတွင် ရွှေ့ပြောင်းနေထိုင်ခဲ့သည်။<br><br>၂၀၀၄ခုနှစ်တွင် ရော်ဘာကုမ္ပဏီဖြစ်သည့် တနင်္သာရီအလင်းရောင်ကုမ္ပဏီသည် ဝ---ကျေးရွာရှိ ဓလေ့ထုံးထမ်းအရ အသုံးပြုသောမြေယာများကို ရော်ဘာစိုက်ပျိုးရန်အတွက် သိမ်းဆည်းခဲ့သည်။ ၎င်းတို့သည် မြေဧက ၄၅၀ကျော်ကို သိမ်းဆည်းခဲ့သည်။ ၎င်းမြေယာများထဲမှ ၃ပုံ၂ပုံသည် စိုက်ပျိုးသီးနှံများနှင့် အပင်များရှိပြီး ပြန်လည်အခြေချနေထိုင်သည့်ရွာသားများကိုလည်း ကျေးရွာမှနှင်ထုတ်ခဲ့သည်။ မြေယာသိမ်းဆည်းခံရသည့်ထိခိုက်နစ်နာသူများအတွက် မည်သည့်လျော်ကြေးငွေမှ မရရှိခဲ့ပါ။ ၎င်းတို့မှာလည်း တရားဝင်မြေယာပိုင်ဆိုင်မှုစာချုပ်စာတမ်းများမရှိကြပါ။ ဒေသခံရွာသားများသည် ၎င်းတို့၏နေရပ်ဒေသမှ |

ထွက်ခွာရန် စိတ်ဆန္ဒမရှိသော်လည်း ကုမ္ပဏီမှ စစ်တပ်ကိုခေါ်ပြီး လာရောက်နှင်ခိုင်းမည်ဟု ခြိမ်းခြောက်ခဲ့သောကြောင့် ၎င်းတို့ရွှေ့ပြောင်းခဲ့ရသည်။ တနင်္သာရီအလင်းရောင်ကုမ္ပဏီ၏ပိုင်ရှင်သည် ဦးအောင်လင်းဖြစ်သည်။ ဦးအောင်လင်းသည် ယခုလက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်ဖြစ်သည့် တနင်္သာရီဒေသလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို၏အမျိုးသားဖြစ်သည်။ ၎င်းတို့သည် ထားဝယ်တွင် အခြေချနေထိုင်ကြသည်။

၂၀၀၄ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ဒေသခံရွာသားများသည် လ---ကျေးရွာအနီးတွင် နေထိုင်ခဲ့ရသည်။ ၂၀၁၀ ခုနှစ်တွင် ၎င်းတို့သည် မ---ကျေးရွာသို့ရွှေ့ပြောင်းခဲ့ပြီး မ---ကျေးရွာတွင် ၂၀၁၇ခုနှစ်အထိ နေထိုင်ခဲ့သည်။ မ---ကျေးရွာတွင် နေထိုင်ခဲ့စဉ်အတွင်း ဒေသခံရွာသားများသည် ကေအဲန်ယူထံမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရရှိခဲ့သည်။ ကေအဲန်ယူမှ ၎င်းတို့အား ဆန်၊ ပဲ၀ါ၊ ဆီနှင့် အသေးစားဆိုလာပြားများကို ထောက်ပံ့ကူညီခဲ့သည်။ သို့သော်လည်းဘဲ ၎င်းအထောက်အပံ့အကူအညီများသည် ဒေသခံရွာသားများ၏ နေ့စဉ်လိုအပ်ချက်များအတွက် လောက်ငှခြင်းမရှိသောကြောင့် အချို့ရွာသားများသည် နေ့စားအလုပ်သမားများအဖြစ် လုပ်ကိုင်ကြရသည်။ ၂၀၁၄ခုနှစ်တွင် ရွာသားများသည် မြေယာသိမ်းဆည်းမှုကိစ္စကို တနင်္သာရီဒေသရှိ ကရင်ဝန်ကြီးဌာနသို့ တင်ပြခဲ့သည်။ ၂၀၁၇ခုနှစ်အကုန်ပိုင်းတွင် ဒေသခံမြန်မာအစိုးရအာဏာပိုင်များမှ ရွာသားများနေထိုင်ရန် မြေကော၅၀ကို ပြန်လည်ပေးအပ်ခဲ့သည်။ ထိုမြေယာအများစုသည် ယခင်က ရော်ဘာပင်စိုက်ပျိုးခဲ့သောနေရာဖြစ်သည်။

ထို့ကြောင့် ၂၀၁၇ခုနှစ်နှင့် ၂၀၁၈ခုနှစ်တွင် အချို့ဒေသခံမိသားစုဝင်များသည် ဝ---ကျေးရွာသို့ ပြန်လည်နေထိုင်ခဲ့ပြီး အချို့မှာ အခြားနေရာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ယခုလက်ရှိအချိန်တွင် ဝ---ကျေးရွာတွင် အိမ်ခြေပေါင်း(၃၆)အိမ်ခန့်ရှိပြီး လူဦးရေ ၁၈၇ဦးနေထိုင်လျှက်ရှိသည်။ အိမ်ထောင်တစ်အိမ်လျှင် မြေ၂၈ကေရရှိခဲ့ကြသည်။ ၎င်းတို့သည် ထိုရရှိခဲ့သောမြေနေရာတွင် အိမ်ဆောက်ရန် ရော်ဘာပင်များကိုခုတ်ထွင်ရှင်းလင်းခဲ့ကြရသည်။ သို့သော် ပြန်လည်နေထိုင်ကြသောသူများသည် ၎င်းတို့၏စားဝတ်နေရေးဖူလုံရန်အတွက် လုပ်ကိုင်စားသောက်ရန် လုံလောက်သော မြေယာများမရှိပါ။ ၎င်းတို့အများစုမှာ ဝါးများကိုခုတ်၍ နီးထိုးဖျာယက်ရောင်းပြီး ဆန်ဝယ်စားကြရသည်။ အချို့မှာ ကျပန်းအလုပ်ကို တစ်နေ့လုပ်အားခ ၅၀၀၀ကျပ်ဖြင့် ပြတ်တောင်းပြတ်တောင်းလုပ်ကိုင်ကြရသည်။

လုပ်ကိုင်စားသောက်ရန် မြေယာလုံလောက်မှုမရှိသည့်အတွက် ဒေသခံရွာသားများ၏ နေထိုင်မှုအခြေအနေသည် အလွန်ဆိုးရွားလှပါသည်။ ဝ---ရွာရှိ ဒေသခံများသည် အစားအသောက်ပြတ်လပ်မှု၊ လုံခြုံသောနေရာထိုင်ခင်းများမရှိသည့်ပြဿနာများကို ရင်ဆိုင်နေကြရသည်။ ၎င်းတို့မှာ ယင်လုံအိမ်သာများမရှိခြင်းနှင့် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးမှ ကာကွယ်ရန် ခြင်ထောင်များကို ဝယ်ယူသုံးစွဲနိုင်ခြင်းမရှိပေ။ ထို့အပြင် ၎င်းတို့သည် ကျန်းမာရေးဝန်ဆောင်မှုများနှင့် လက်လှမ်းမှီနိုင်ခြင်းမရှိပေ။ ရေတွင်းများ ရှားပါးမှုသည်လည်း ဒေသခံများအတွက် ရေရရှိရန် အခက်အခဲဖြစ်စေပါသည်။ ၎င်းတို့သည် အများအားဖြင့် ရေကိုမြစ်ချောင်းများမှ ရရှိပါသည်။ သို့သော် မြစ်ချောင်းများမှ ရေသည် တစ်ခါတစ်ရံတွင် ဆားငန်ရည်အလွန်များသောကြောင့် သုံးစွဲရန် မသင့်လျော်ပေ။ ကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် ဒေသခံကလေးသူငယ်များသည် ပညာသင်ကြားနိုင်ခွင့် မရှိပေ။ ထို့အပြင် တစ်ခြားကျေးရွာများရှိ ကျောင်းများတွင် ပညာသင်ကြားရန်အတွက် သွားရမည့်ခရီးသည် အလွန်ဝေးလှပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| |
|---|
| **ရှာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| မြေယာသိမ်းဆည်းခံရသည့် ထိခိုက်နစ်နာသူများသည် ဤအကြောင်းအရာကို အသုံးပြုရန် ခွင့်ပြုချက်ပေးထားပါသည်။ |